# WIC ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ

## WIC ဝန်ထမ်း ဤစာမျက်နှာကို နှုတ်ဖြင့်ဖတ်၍ ပြန်လည်စစ်ဆေးပါ။

## ကျွန်ုပ်၏ ရပိုင်ခွင့်များ

- **WIC အစားအစာများ -** ကျွန်ုပ်သည် WIC အတွက် အရည်အချင်း ပြည့်မီပါက ကုန်စုံ စတိုးတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကိုဝယ်ရန် WIC ကတ်ကို ရရှိမည် ဖြစ်ပါသည်။ WIC သည် တစ်လလုံးအတွက် ကျွန်ုပ်လိုအပ်သည့် အစားအစာများ သို့မဟုတ် ဖော်မျူလာအားလုံးကို ပေးမည်မဟုတ်ကြောင်း နားလည်ပါသည်။
- **အာဟာရအချက်အလက် -** ကျွန်ုပ်သည် ကျွန်ုပ်စိတ်ဝင်စားသည့် အာဟာရခေါင်းစဉ်များနှင့် ပတ်သက်သည့် အချက်အလက်များကို ရရှိမည်ဖြစ်ပါသည်။
- **နို့ချိုတိုက်ကျွေးခြင်း ပံ့ပိုးမှု -** WIC သည် ကျွန်ုပ်အား နို့ချိုတိုက်ကျွေးခြင်းအတွက် ကူညီကာ ပံ့ပိုးပေးမည် ဖြစ်ပါသည်။
- **ကျန်းမာရေးစောင့်ရှောက်မှု အချက်အလက်များနှင့် ထောက်ခံချက်များ-** WIC သည် ကျွန်ုပ်အား ကာကွယ်ဆေးထိုးခြင်း၊ ဆရာဝန်ရှာခြင်း၊ နှင့် ကျွန်ုပ်လိုအပ်မည့် အခြားဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကျွန်ုပ်အား အသိပေးမည် ဖြစ်ပါသည်။
- **ရိုရမည့် ယဉ်ကျေးမှု -** WIC နှင့် စတိုးဝန်ထမ်းသည် ကျွန်ုပ်အား ယဉ်ကျေး လေးစားစွာဖြင့် မျှတ ညီမျှစွာ ဆက်ဆံမည် ဖြစ်ပါသည်။
- **မျှတသည့်ဆက်ဆံမှု -** စည်းကမ်းများသည် မည်သည့် လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင်၊ မသန်စွမ်းမှု၊ သို့မဟုတ် အသက်အတွက်မဆို လူတိုင်းအတွက် အတူတူပင် ဖြစ်ပါသည်။
- **မျှတသည့်ကြားနာခြင်း -** ကျွန်ုပ်သည် ကျွန်ုပ်၏ WIC အကျုံးဝင်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက မျှတသည့်ကြားနာခြင်းကို တောင်းဆိုနိုင်ပါသည်။
- **အချက်အလက်လွှဲပြောင်းမှု -** ကျွန်ုပ်အား အခြား WIC ဆေးခန်းထံ လွှဲပြောင်းနိုင်ပါသည်။ ကျွန်ုပ်သည် WIC ဝန်ထမ်းအား လွှဲပြောင်းသည့်အချက်အလက်ကို ကျွန်ုပ်ထံပေးရန် တောင်းဆိုနိုင်ပါသည်။
- **လျှို့ဝှက်မှု -** ကျွန်ုပ်၏အချက်အလက်များမှာ သီးသန့်ဖြစ်ပါသည်။ WIC သည် ကျွန်ုပ်၏အချက်အလက်များကို ဆေးခန်းမှ ရေးသားဖော်ပြချက်မရှိလျှင် WIC ဝန်ဆောင်မှုများ လက်ခံခြင်းအတွက်သာ အသုံးပြုမည် ဖြစ်ပါသည်။

## သဘောတူညီချက်

### ကျွန်ုပ်သည် WIC တွင်ပါရှိမည့် အဆိုပါအချက်များကို သဘောတူရမည် ဖြစ်ပါသည် -

- WIC ဝန်ထမ်းသည် ကျွန်ုပ်အား ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ နှင့် WIC ပရိုဂရမ်စည်းကမ်းများကို အသိပေးထားပါသည်။
- WIC ထံ ကျွန်ုပ်ပေးထားသည့် အချက်အလက်အားလုံးမှာ မှန်ကန်ပါသည်။ အပြောင်းအလဲတစ်စုံတစ်ရာရှိပါက WIC ဝန်ထမ်းကို ချက်ခြင်းပြောပြမည် ဖြစ်ပါသည်။
- WIC ဝန်ထမ်းသည် ကျွန်ုပ်၏ အိမ်ထောင်စုအရွယ်အစားနှင့် အိမ်ထောင်စု ဝင်ငွေအရင်းအမြစ်တို့ ပါဝင်သည့် ကျွန်ုပ်၏ အချက်အလက်များကို စစ်ဆေးနိုင်ပါသည်။
- WIC အစားအစာရရှိရန် ကျွန်ုပ်အနေဖြင့် အချက်အလက်များကို လိမ်ညာ သို့မဟုတ် ကွယ်ဝှက်ထားပါက ကျွန်ုပ်သည် ထိုအစားအစာများ၏ ငွေကြေးတန်ဖိုးအလိုက် WIC ထံ ပြန်ပေးရမည် ဖြစ်ပါသည်။
- WIC သည် ဖက်ဒရယ်အကူအညီပရိုဂရမ် ဖြစ်ပါသည်။ ကျွန်ုပ်သည် WIC စည်းကမ်းများကို ချိုးဖောက်ပါက -
  - WIC ဝန်ထမ်းသည် ကျွန်ုပ်၏မိသားစုကို WIC ပရိုဂရမ်မှ ထုတ်ပယ်နိုင်ပါသည်။
  - ကျွန်ုပ်သည် နိုင်ငံနှင့် ဖက်ဒရယ်ဥပဒေအောက်တွင် အများပြည်သူဆိုင်ရာ သို့မဟုတ် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုကို ခံရနိုင်ပါသည်။
- ကျွန်ုပ်သည် WIC စည်းကမ်းများကို ချိုးဖောက်သည်ဟု စုံစမ်းသိရှိခဲ့ပါက WIC သည် ကျွန်ုပ်၏အချက်အလက်များကို မျှဝေနိုင်ပါသည်။

**အီလက်ထရွန်းနစ်နည်းအရ လက်မှတ်ထိုးခြင်းဖြင့် ကျွန်ုပ်သဘောတူသည်မှာ -**

- **ကျွန်ုပ်သည် ဤဖောင်ရှိ စည်းကမ်းများနှင့် သဘောတူညီချက်များကို ဖတ်ရှုနားလည်ကာ သဘောတူရမည် ဖြစ်ပါသည်။**
- **ကျွန်ုပ်တွင် ဤဖောင်၏မိတ္တူ လက်ခံရရှိထားပါသည်။**

ပါဝင်သူ/လူနာ၏အုပ်ထိန်းသူ/စောင့်ရှောက်ပေးသူ၏ လက်မှတ် နေ့စွဲ

ပါဝင်သူအမည်(များ) - နောက်ဆုံး၊ ပထမဆုံး

**ပထမဆုံးဆေးခန်းဝန်ထမ်း -** ဥပမာ ကွန်ပျူတာ ပြဿနာများ သို့မဟုတ် ပါဝါပြတ်တောက်မှုများအရ လိုအပ်သည့်အခါမှသာ ပါဝင်သူ/လူနာ၏ အုပ်ထိန်းသူ/စောင့်ရှောက်ပေးသူသည် စာရွက်တွင် လက်မှတ်ထိုးနိုင်ပါသည်

**ဤအဖွဲ့အစည်းသည် အခွင့်အရေး သာတူညီမျှပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။**
Washington Women, Infants and Children (Washington WIC, ဝါရှင်တန်ပြည်နယ် အမျိုးသမီး၊ ရင်သွေး နှင့် ကလေးသူငယ်များ)သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။ Women, Infants and Children(WIC, အမျိုးသမီး၊ ရင်သွေး နှင့် ကလေးသူငယ်များ) ရယူပါက လူဝင်မှုကြီးကြပ်ရေး အခြေအနေအပေါ် သက်ရောက်မှု မရှိပါ။

## ကျွန်ုပ်၏ တာဝန်ဝတ္တရားများ

- ကျွန်ုပ်သည် ကျွန်ုပ်၏ WIC ကတ်ကို မှန်ကန်စွာ အသုံးပြုမည် ဖြစ်ပါသည်။ ကျွန်ုပ်သည် စတိုးတွင် WIC ကတ် အသုံးပြုခြင်းနှင့် WIC-အတည်ပြုထားသည့် အစားအစာများကို ရွေးချယ်ခြင်းအတွက် လမ်းညွှန်ချက်များအား လိုက်နာမည်ဖြစ်ပါသည်။
- ကျွန်ုပ်သည် WIC ရှိလူပုဂ္ဂိုလ်အတွက်သာ WIC အစားအစာများနှင့် ဖော်မျူလာတို့ကို အသုံးပြုမည် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်အသုံးမပြုနိုင်သည့် အစားအစာများနှင့် ဖော်မျူလာတို့ကို WIC ဆေးခန်းထံ ပြန်ပေးမည် ဖြစ်ပါသည်။
- ကျွန်ုပ်သည် WIC ကတ်များ ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း၊ သို့မဟုတ် ပျက်စီးခြင်းအား WIC ဝန်ထမ်းထံ ချက်ခြင်း အကြောင်းကြားမည် ဖြစ်ပါသည်။
- ကျွန်ုပ်သည် ကျွန်ုပ်၏ WIC ကတ်နှင့် PIN အား လုံခြုံစွာ သိမ်းဆည်းထားပါမည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ကတ်ကို အသုံးပြုရန် ရည်ရွယ်ထားသည့် မည်သူမဆိုအနေဖြင့် WIC စည်းကမ်းများကို သိရှိကြောင်း သေချာအောင် လုပ်ဆောင်ပါမည်။
- ကျွန်ုပ်သည် WIC နှင့် စတိုးဝန်ထမ်းကို ယဉ်ကျေး လေးစားစွာဖြင့် ဆက်ဆံပါမည်။
- ကျွန်ုပ်၏ ချိန်းဆိုမှုများကို ထိန်းသိမ်းထားပါမည် သို့မဟုတ် လာရောက်နိုင်ခြင်းမရှိပါက WIC ဆေးခန်းထံ ဖုန်းခေါ်ဆိုမည် ဖြစ်ပါသည်။ ကျွန်ုပ်၏ချိန်းဆိုမှုများကို ထိန်းထားနိုင်ခြင်း မရှိပါက ၎င်းသည် ကျွန်ုပ်ရရှိသည့် WIC အစားအစာ အကျိုးခံစားခွင့်ပမာဏကို ထိခိုက်နိုင်ပါသည်။

## WIC ပရိုဂရမ်စည်းကမ်းများ

**ကျွန်ုပ်သည် အဆိုပါစည်းကမ်းများကို မလိုက်နာပါက ကျွန်ုပ်၏မိသားစုသည် WIC မှ ထုတ်ပယ်ခံရနိုင်ပါသည် သို့မဟုတ် ရရှိထားသည့် WIC အစားအစာ အကျိုးခံစားခွင့်များ ပရိုဂရမ်အတွက် ပြန်လည် ပေးဆောင်ရနိုင်ပါသည်။**

- WIC ထံ မှန်ကန် ပြည့်စုံသည့် အချက်အလက်ကို ပေးပါ။ ၎င်းတွင် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား၊ ကိုယ်ဝန်ဆောင်မှု အခြေအနေ၊ လိပ်စာ၊ အိမ်ထောင်စု အရွယ်အစား၊ အိမ်ထောင်စု ဝင်ငွေနှင့် Medicaid အတွက် အကျုံးဝင်မှု (ProviderOne)၊ Supplemental Nutrition Assistance Program (SNAP၊ ဖြည့်စွက် အာဟာရ အကူအညီ ပရိုဂရမ်)၊ Temporary Assistance to Needy Families (TANF၊ လိုအပ်နေသည့် မိသားစုများအတွက် ယာယီ အကူအညီ)၊ သို့မဟုတ် Food Distribution Program on Indian Reservations (FDPIR၊ အင်ဒီယန် သီးသန့်သတ်မှတ်နယ်မြေများရှိ အစားအစာ ဖြန့်ဝေခြင်းပရိုဂရမ်) တို့ ပါဝင်ပါသည်။
- WIC ကတ်၊ WIC အစားအစာများ သို့မဟုတ် ဖော်မျူလာတို့ကို ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် ကြိုးစားခြင်း၊ ကုန်သွယ်ခြင်း သို့မဟုတ် ပေးပစ်ခြင်းမျိုး လုံးဝမပြုလုပ်ပါနှင့်။ ၎င်းတွင် လူကိုယ်တိုင်၊ ပုံနှိပ်ထားခြင်း၊ နှုတ်ဖြင့်၊ အွန်လိုင်း သို့မဟုတ် အခြားမီဒီယာမှတစ်ဆင့်တို့ ပါဝင်ပါသည်။
- တစ်ကြိမ်လျှင် WIC ဆေးခန်းတစ်ခုထံမှ တစ်လစီအတွက် ခွင့်ပြုထားသည့် WIC အစားအစာ အကျိုးခံစားခွင့်ပမာဏကိုသာ ရယူပါ။
- WIC အစားအစာ အကျိုးခံစားခွင့်များ၏ အစိတ်အပိုင်းမဟုတ်သည့် WIC ကတ်ပါရှိသော အစားအစာများ သို့မဟုတ် ဖော်မျူလာတို့ကို ဝယ်ခြင်း၊ သို့မဟုတ် ဝယ်ရန်ကြိုးစားခြင်း မပြုလုပ်ပါနှင့်။
- စတိုးထံ ပိုက်ဆံအတွက်၊ ခရက်ဒစ်အတွက်၊ WIC အစားအစာမဟုတ်သည့်အရာ သို့မဟုတ် WIC အစားအစာ အကျိုးခံစားခွင့်ပမာဏထက် ပိုလွန်နေ သည့်အစားအစာအတွက် WIC ကတ်ဖြင့် ဝယ်ယူထားသည့်အစားအစာ များကို ပြန်ပေးခြင်း၊ သို့မဟုတ် ပြန်ပေးရန် ကြိုးစားခြင်း မပြုလုပ်ပါနှင့်။
- ဆေးခန်း သို့မဟုတ် စတိုး ဝန်ထမ်းကို ခြိမ်းခြောက်ခြင်း သို့မဟုတ် အန္တရာယ်ပြုခြင်း သို့မဟုတ် စတိုး သို့မဟုတ် WIC ၏ ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း မပြုလုပ်ပါနှင့်။

**WIC ပါဝင်သူ ချိုးဖောက်ခြင်းများနှင့် ပိတ်ဆို့အရေးယူမှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ပိုမိုသိရှိရန်အတွက် Washington Administrative Code (ဝါရှင်တန် စီမံခန့်ခွဲမှုကုဒ်) 246-790-530 ကို ကြည့်ပါ။**

https://apps.leg.wa.gov/WAC/default.aspx?cite=246-790-530

**WASHINGTON WOMEN, INFANTS AND CHILDREN (WASHINGTON WIC, ဝါရှင်တန်ပြည်နယ် အမျိုးသမီး၊ ရင်သွေး နှင့် ကလေးသူငယ်များ)သည် ခွဲခြားဆက်ဆံခြင်း မရှိပါ။**

ဖက်ဒရယ် ပြည်သူ့ရပိုင်ခွင့်ဥပဒေနှင့် U.S. Department of Agriculture (USDA၊ U.S. လယ်ယာစိုက်ပျိုးရေးဌာန) ပြည်သူ့ရပိုင်ခွင့်များဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများအရ USDA၊ ၎င်း၏ အေဂျင်စီများ၊ ရုံးများ၊ နှင့် ဝန်ထမ်းများ၊ နှင့် USDA ပရိုဂရမ်များတွင် ပါဝင်နေသော သို့မဟုတ် စီမံခန့်ခွဲနေသော အဖွဲ့အစည်းများအား USDA မှ လုပ်ဆောင် သို့မဟုတ် ရန်ပုံငွေမတည်သော မည်သည့် ပရိုဂရမ် သို့မဟုတ် လုပ်ဆောင်ချက်တွင်မဆို လူမျိုး၊ အသားအရောင်၊ မိခင်နိုင်ငံ၊ လိင်၊ မသန်စွမ်းမှု၊ အသက်တို့ ပေါ် တွင် အခြေခံကာ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ကနဦး ပြည်သူ့ရပိုင်ခွင့်များ လုပ်ဆောင်ချက်အတွက် လက်တုန့်ပြန်ခြင်း သို့မဟုတ် လက်စားချေခြင်းတို့ကို တားမြစ်ထားပါသည်။

ပရိုဂရမ်အချက်အလက်အတွက် အပြန်အလှန်ဆက်သွယ်မှု အခြားရွေးချယ်စရာနည်းလမ်းတစ်ခု လိုအပ်သည့် မသန်စွမ်းသူများ (ဥပမာ၊ မျက်မမြင်စာ၊ စာလုံးကြီး၊ အော်ဒီယိုတိပ်၊ အမေရိကန်လက်ဟန်ခြေဟန် ဘာသာစကား၊ စသည်ဖြင့်)၊ သည် ၎င်းတို့အကျိုးခံစားခွင့်လျှောက်ထားသည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသတွင်း) ကို ဆက်သွယ်သင့်ပါသည်။  နားမကြားသူ၊ အကြားအာရုံတွင် အားနည်းသူ သို့မဟုတ် စကားမပြောနိုင်သူများသည် Federal Relay Service (ဖက်ဒရယ်ရီလေးဝန်ဆောင်မှု) (800) 877-8339 မှတစ်ဆင့် USDA ကို ဆက်သွယ်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပရိုဂရမ်အချက်အလက်ကို အင်္ဂလိပ်စာအပြင် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။

ခွဲခြားဆက်ဆံခြင်းကြောင့် ပရိုဂရမ်တိုင်ကြားချက်ကို တင်ပြရန် အွန်လိုင်း http://www.ascr.usda.gov/complaint_filing_cust.html တွင် တွေ့နိုင်သည့် ဘယ်လိုတိုင်တန်းရမလဲ။ (AD-3027) ကို ပြည့်စုံအောင်ဖြည့်စွက်ပါ၊ မည်သည့် USDA ရုံးတွင်မဆို၊ သို့မဟုတ် USDA သို့ လိပ်မူကာ စာရေးသားပေးပို့ပြီး စာထဲတွင် ဖောင်ထဲ၌တောင်းဆိုထားသည့် အချက်အလက်အားလုံးကို ထည့်၍သွင်းဖော်ပြပေးပါ။ တိုင်ကြားချက်ဖောင် မိတ္တူကိုတောင်းခံရန် (866) 632-9992 ထံ ဖုန်းခေါ်ဆိုပါ။ USDA ထံ သင်၏ ပြည့်စုံအောင်ဖြည့်စွက်ထားသည့် ဖောင် သို့မဟုတ် စာကို တင်ပြပါ -

- မေးလ် - U.S. Department of Agriculture, Office of the Assistant Secretary for Civil Rights
  1400 Independence Avenue, SW Washington, D.C. 20250-9410;
- ဖက်စ် - (202) 690-7442၊ သို့မဟုတ်
- အီးမေးလ် - program.intake@usda.gov

Washington State Department of Health

DOH 962-987 January 2022 Burmese

ဤစာရွက်စာတမ်းကိုအခြားဖောမက်ဖြင့်ရယူလိုပါက 1-800-841-1410 ကိုဖုန်းခေါ်ပါ။ နားမကြားသူများနှင့်အကြားအာရုံချို့ယွင်းနေသည့်ဖောက်သည်များအတွက် 711 (Washington Relay) သို့ဖုန်းခေါ်ပေးပါ သို့မဟုတ် WIC@doh.wa.gov သို့အီးမေးပို့ပေးပါ။